မည်သူမ‌ဆို ကြက်သွန်ဖြူ သို့မဟုတ် ကြက်သွန်နီ စားထားပါက
ငါကိုယ်တော်တို့နှင့် သီးခြားခွဲ၍နေလော့။ (သို့မဟုတ်
ဤသို့ မိန့်ဆိုခဲ့သည်။) ငါကိုယ်တော်တို့ရဲ့ဗလီနှင့်
သီးခြားခွဲ၍နေလော့။ မိမိရဲ့ အိမ်၌ပင် ထိုင်နေလော့
ဂျာဗိရ်ဗင်န် အဗ်ဒုလ္လာဟ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမ‌ဆို
ကြက်သွန်ဖြူ သို့မဟုတ် ကြက်သွန်နီ စားထားပါက ငါကိုယ်တော်တို့နှင့်
သီးခြားခွဲ၍နေလော့။ (သို့မဟုတ် ဤသို့ မိန့်ဆိုခဲ့သည်။)
ငါကိုယ်တော်တို့ရဲ့ဗလီနှင့် သီးခြားခွဲ၍နေလော့။ မိမိရဲ့ အိမ်၌ပင် ထိုင်နေလော့။
တစ်ခါသော် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်ဟင်းသီးဟင်းရွက်များ (
ချက်ပြုတ်ထား)သည့် ဟင်းအိုးတစ်အိုးကို ဆက်သခြင်းခံရသည်။ ကိုယ်တော်သည်
ဟင်းအိုးအတွင်းမှ အနံ့တစ်ခုကို ရ သောကြောင့် မေးမြန်း‌တော်မူလေသည်။ (လူတို့က)
ကိုယ်တော့်အား ထိုဟင်းအိုးတွင် ပါဝင်သည့် ဟင်းသီးဟင်းရွက်များကို
အသိပေးတင်ပြသည့်အခါတွင် ကိုယ်တော်သည် မိမိနှင့်အတူရှိသော တပည့်
ဆွဟာဗီတစ်ဦးဘက်သို့ အသင်တို့ ဒီဟင်းအိုးကို တိုးကပ်ပေးလိုက်ကြလော့ ဟု
မိန့်တော်မူ‌ လေသည်။ ထိုဆွဟာဗီသည် ယင်းဟင်းအား စားရန် မနှစ်သက်သည်ကို ကိုယ်တော်က
မြင်တွေ့သောအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က “အသင် စားလော့။
(ငါကိုယ်တော်မြတ်အနေဖြင့် စားသုံးခြင်းမှ ရှောင်ကြဉ်ရခြင်းမှာ)
ငါကိုယ်တော်မြတ်သည် အသင် အနီးကပ်စကားပြောဆိုဆက်ဆံခြင်းမပြုရသည့်
ကောင်းကင်တမန်(ဂျိဗ်ရီလ် အလိုင်ဟိစ္စလာမ်) နှင့် စကားပြောဆိုရသောကြောင့်
ဖြစ်သည်။” မွတ်စ်လင်မ်ကျမ်း၌ ဂျာဗိရ် ဗင်န် အဗ်ဒုလ္လာဟ် ထံမှဆင့်ပြန်လာရှိသည်။
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို
ဤဟင်းသီး ဟင်းရွက်ဖြစ်သော ကြက်သွန် ဖြူကို စားထားပါက - တစ်ခါတွင် ဤသို့
မိန့်ကြားတော်မူသည်။ “မည်သူမဆို ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်
ကြက်သွန်မြိတ်တို့ကို စားထားပါက ငါကိုယ်တော်တို့၏ ဗလီအနားသို့ပင် မလာ‌လေနှင့်။
အဘယ်ကြောင့်ဆိုသော် မကောင်းသောအနံ့အသက်များကြောင့် လူတို့ စိတ်အနှောင့်အယှက်
ဖြစ်သလို ကောင်းကင်တမန်များသည်လည်း အလားတူ စိတ်အနှောင့်အယှက်ဖြစ်လေသည်။
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ကြက်သွန်နီ သို့မဟုတ်
ကြက်သွန်ဖြူစားထားသူအား ဗလီကျောင်းတော်သို့ လာရောက်ခြင်းမှ တားမြစ်ထားတော်မူသည်။
ထိုသို့တားမြစ်ရခြင်း၏ အကြောင်းရင်းမှာ ထိုအရာနှစ်မျိုး၏ မကောင်းသောအနံ့သည်
ဗလီကျောင်းတော်သို့ ဂျမာအသ်ဖြင့်ဆွလာသ်ဝတ်ပြုရန် ရောက်ရှိလာကြသော
အခြားညီနောင်များအား အနှောင့်အယှက် မဖြစ်စေရန် အတွက်ဖြစ်သည်။ ဤတားမြစ်ချက်သည်
အမှန်စင်စစ် ဗလီသို့လာရောက်ခြင်းအား မနှစ်မြို့ဖွယ် တားမြစ်ချက်သာဖြစ်ပြီး
ထိုအရာများကို စားသုံးခြင်းအား တားမြစ်ထားခြင်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်

ထိုအရာနှစ်မျိုးကို စားသုံးခြင်းသည် ခွင့်ပြုထားသော (ဟလာလ်)
အရာများဖြစ်သောကြောင့်တည်း။ တစ်ခါသော် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ ဟင်းသီး ဟင်းရွက်များပါဝင်သည့်
ဟင်းအိုးတစ်အိုးကို ယူဆောင်လာခဲ့ကြသည်။ သို့ရာတွင် တမန်တော်မြတ်သည်
ယင်းဟင်းအိုးအတွင်းမှ အနံ့တစ်ခုကို ရှုရှိုက်မိပြီး ယင်းတွင်
မည်သည့်အရာများပါဝင်သည်ကို မေးမြန်းသိရှိရသည့်အခါ၊ မိမိကိုယ်တိုင် စားသုံးရန်မှ
ရှောင်ကြဉ်တော်မူကာ မိမိ၏ တပည့်ဆွဟာဗီတစ်ဦး ထံသို့ ပေးအပ်တော်မူသည်။ ထို ဆွဟာဗီကလည်း
တမန်တော်မြတ်၏ လမ်းစဥ်ကို လိုက်နာလျက် ယင်းဟင်းကို စားရန် မနှစ်သက်ကြောင်း
ပြောဆိုသောအခါ၊ တမန်တော်မြတ်သည် မြင်တော်မူ၍ ဤသို့မိန့်ကြားတော်မူသည်- " အသင်
စားလော့။ (ငါကိုယ်တော်မြတ်အနေဖြင့် စားသုံးခြင်းမှ ရှောင်ကြဉ်ရခြင်းမှာ)
ငါကိုယ်တော်မြတ်သည် ဝဟီအမိန့်တော်ယူဆောင်လာသော ကောင်းကင်တမန်များနှင့်
စကားပြောဆိုရသောကြောင့် ဖြစ်သည်။" တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်
မကောင်း သော အနံ့အသက်များကြောင့် လူတို့ စိတ်အနှောင့် အယှက် ဖြစ်သလို
ကောင်းကင်တမန်များသည်လည်း အလားတူ စိတ်အနှောင့်အယှက်ဖြစ်သည်ဟု
မိန့်ကြားတော်မူခဲ့သည်။
https://www.sunnah.global/hadeeth/my/show/4850